ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၈) ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသောဥပဒေသတင်းအချက်အလက်များ။ | ၂-၃ |
| ၂။ | ဖြိတိန်နိုင်ငံ၊ စကော့တလန်၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်(ပူးပေါင်းဆောင်ရွက်ခြင်း)အက်ဥပဒေစတင်အာဏာတည်ခြင်း။ | ၄-၆ |
| ၃။ | အိမ်ထောင်ရေးဖောက်ပြန်မှုသည် ရာဇဝတ်မှုမဟုတ်ဟု တောင်ကိုရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆုံးဖြတ်ခဲ့ခြင်း။ | ၇-၉ |
| ၄။ | အိန္ဒိယနိုင်ငံက ဥပဒေအသစ်သုံးခု ပြဋ္ဌာန်းမှု။ | ၁၀-၁၁ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှထုတ်ပြန်သည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ ၊ အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် (အကျိုးဆောင်လိုင်စင်ကြေး၊ အာမခံကြေး၊ သက်တမ်းတိုးကြေး၊ ရက်လွန်ကြေးနှင့် လိုင်စင်သက်တမ်းသတ်မှတ်ခြင်း) အမိန့်ကြော်ငြာစာ၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့မှထုတ်ပြန်သည့် Ethylene Oxide အား တားမြစ်ဓာတုပစ္စည်း အဖြစ်မှပယ်ဖျက်ခြင်း အမိန့်ကြော်ငြာစာ၊ Ethylene Oxide အား ကန့်သတ်ဓာတုပစ္စည်းအဖြစ် သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာများကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြ ဝန်ဆောင်မှုပေးထားသည်။

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ)တို့အရ Ethylene Oxide Gas အား ပိုးသတ်ဆေး (Insecticide) အဖြစ်အသုံးပြု ခြင်းမဟုတ်ဘဲ ယင်းကိုအသုံးပြု၍ ပိုးသတ်သန့်စင်ခြင်းဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များ နှင့်အညီ ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးနှင့် အခြားထုတ်ကုန် လုပ်ငန်းဖြစ်သော တစ်ခါသုံးခွဲစိတ်ခန်းသုံးဝတ်စုံများ၊ ကျန်းမာရေးသုံးဆက်စပ်ပစ္စည်းများ ထုတ်လုပ် ရာတွင် မရှိမဖြစ်လိုအပ်သည့် ဓာတုကုန်ကြမ်းအဖြစ်အသုံးပြုနိုင်ရေးတို့အတွက် Ethylene Oxide အားကန့်သတ်ဓာတုပစ္စည်းအဖြစ်သတ်မှတ်လိုက်ကြောင်း ၃၁-၅-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၂၄)ဖြင့် ထုတ်ပြန်ထားပါသည်။

အဆိုပါ Ethylene Oxide ကို အသုံးပြု၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်သည့် လိုင်စင်နှင့်မှတ်ပုံတင်လက်မှတ်ရရှိသူများသည် တည်ဆဲဥပဒေ၊နည်းဥပဒေ၊စည်းမျဉ်း၊

စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအပြင် Ethylene Oxide Gas ကို ကိုင်တွယ်အသုံးပြုမည့်သူများသည် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းအား ကြိုတင်တက်ရောက်ထားရမည်ဖြစ်ခြင်း၊ အန္တရာယ်ကင်းရှင်းမှုအဆင့်မှတ်တမ်းလွှာ (Material Safety Data Sheet-MSDS) ရှိ Hazard Identification, First-aid Measures, Fire Fighting Measures, Measures for Accident (Accidental Release Measures), Handling and Storage, Exposure Controls/Personal Protection, Disposal Considerations, Transport Information များအား မြန်မာဘာသာဖြင့် ဖော်ပြခြင်း၊ ဓာတုပစ္စည်းများအား အမျိုးအစားခွဲခြားခြင်းနှင့် တံဆိပ်ကပ်ရာတွင် တစ်ကမ္ဘာလုံးညီညွတ်သည့်စနစ် (Globally Harmonized System of Classification and Labeling of Chemicals) ၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်းကို မြန်မာဘာသာဖြင့် ဖော်ပြခြင်း၊ မှတ်ပုံတင်ခြင်းပြုလုပ်ရာတွင် မိမိလုပ်ငန်းနှင့် ကိုက်ညီသောပမာဏကိုသာ မှတ်ပုံတင်ထားပြီး ယင်းပမာဏထက်ကျော်လွန်၍ တင်သွင်းမှုမပြုခြင်း၊ အသုံးပြုရာမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား (ကွန်တိန်နာပုံးများ အပါအဝင်) စွန့်ပစ်ရာတွင် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းများ (Waste Treatment Facilities) သို့တည်းမဟုတ် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများသို့ ပေးပို့စေပြီး Proper Disposal နည်းလမ်းဖြင့်စွန့်ပစ်ခြင်းတို့ကို လိုက်နာရမည်ဖြစ်ကြောင်း သိရှိရပါသည်။

e- Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## ဗြိတိန်နိုင်ငံ၊ စကော့တလန်၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (ပူးပေါင်းဆောင်ရွက်ခြင်း) အက်ဥပဒေ စတင်အာဏာတည်ခြင်း

ဗြိတိန်နိုင်ငံ၊ စကော့တလန်၏ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(ပူးပေါင်းဆောင်ရွက်ခြင်း)အက်ဥပဒေ (The United Nation Convention on the Rights of the Child (Incorporation) (Scotland) Act) သည် ၁၇-၇-၂၀၂၄ ရက်နေ့တွင် စတင်အာဏာတည်ခဲ့သဖြင့် စကော့တလန်သည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(UNCRC)ကို ပြည်တွင်းဥပဒေအဖြစ်ပြဋ္ဌာန်းဆောင်ရွက်သော ပထမဦးဆုံးဗြိတိန်နိုင်ငံဖြစ်လာခဲ့ပါသည်။

စကော့တလန်၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(ပူးပေါင်းဆောင်ရွက်ခြင်း)အက်ဥပဒေ(၂၀၂၄)သည် UNCRC ကို ပြည်တွင်းဥပဒေအဖြစ် ထည့်သွင်းပြဋ္ဌာန်းထားခြင်းဖြစ်သည်။ စကော့တလန်ပါလီမန်သည် အဆိုပါအက်ဥပဒေကို ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ပထမအကြိမ်အတည်ပြုခဲ့သော်လည်း နောက်ပိုင်းတွင် အချို့သောပြဋ္ဌာန်းချက်များမှာ စကော့တလန်ပါလီမန်က ဥပဒေပြုနိုင်ခွင့်မရှိသော ကိစ္စရပ်များဖြစ်သည်ဟု ဗြိတိန်တရားရုံးချုပ်က ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်သုံးသပ်မှုများဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ထားသည့်ဥပဒေကြမ်းတစ်ရပ် ပေါ်ပေါက်ခဲ့ပါသည်။

အဆိုပါဥပဒေအသစ်သည် စကော့တလန်အစိုးရအပါအဝင် ပြည်သူ့အာဏာပိုင်အားလုံးအတွက် ကလေးသူငယ်အခွင့်အရေးကိုကာကွယ်ရန်တာဝန်ကိုပြဋ္ဌာန်းထားပါသည်။ UNCRC အတွင်း မူဝါဒဆုံးဖြတ်ချက်များချမှတ်ခြင်းမပြုမီ ကလေးသူငယ်အခွင့်အရေးများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ ကလေးသူငယ်များနှင့်လူငယ်များအနေဖြင့် တန်းတူညီမျှဆက်ဆံမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် ခေါင်းပုံဖြတ်ခံရမှုမှ အကာအကွယ်ပေးရေးအစရှိသော ၎င်းတို့၏အခွင့်အရေးများကို

တရားရုံးတွင်ကျင့်သုံးရန် ခွင့်ပြုထားပါသည်။ စကော့တလန်အစိုးရသည် ဥပဒေအသစ်အရ တာဝန်ရှိသူများကို အထောက်အကူဖြစ်စေရန်အတွက် လမ်းညွှန်ချက်များ ထုတ်ပြန်ထားပါသည်။

စကော့တလန်နိုင်ငံတွင် ကလေးသူငယ်များလူမှုဖူလုံရေးနှင့် ကာကွယ်ရေးအတွက် ထင်ရှားသောဥပဒေမူဘောင်အဖြစ် ကလေးသူငယ်နှင့် လူငယ်အက်ဥပဒေ(၂၀၁၄)နှင့် ကလေးသူငယ်အက်ဥပဒေ(၂၀၂၀)တို့ကို ပြဋ္ဌာန်းထားပါသည်။ ဥပဒေအသစ်သည် စကော့တလန်နိုင်ငံတစ်ဝှမ်းရှိ ကလေးများ၏လူမှုဖူလုံရေးနှင့် ရပိုင်ခွင့်များကို မြှင့်တင်ပေးနေသော ယခင်ဥပဒေများ၏အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်သည်။

စကော့တလန်အစိုးရသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာဗဟိုဌာနကို စတင်တည်ထောင်ခဲ့သည့်အပြင် ပြည်သူ့အာဏာပိုင်များအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုများတွင် ကလေးသူငယ်များ၏အခွင့်အရေးများကိုထိရောက်စွာပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှုများကိုလည်း စတင်လုပ်ဆောင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ် (UNCRC)ပါ ကလေးသူငယ်များ၏အခွင့်အရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကိုဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်စသည့် ရည်ရွယ်ချက်များဖြင့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၃-၇-၂၀၁၉ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် စကော့တလန်၏ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ် (ပူးပေါင်းဆောင်ရွက်ခြင်း) အက်ဥပဒေ (၂၀၂၄) အား အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အဆိုပါဥပဒေအရတာဝန်ရှိသူများအတွက် ထုတ်ပြန်ထားသည့်လမ်းညွှန်ချက်များ၊

စကော့တလန်ရှိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာအသိပညာဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာနိုင်မည်ဖြစ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/news/2024/07/scotland-becomes-first-uk-nation-to-incorporate-un-charter-on-childrens-rights-into-law/

## အိမ်ထောင်ရေးဖောက်ပြန်မှုသည် ရာဇဝတ်မှုမဟုတ်ဟု တောင်ကိုရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့ခြင်း

South Korea's the anti-adultery law 1953 ၏ ပြဋ္ဌာန်းချက်အရ ပြည်သူတစ်ဦးဦးက မိမိ၏အိမ်ထောင်ဖက်ဖြစ်သူဇနီး သို့မဟုတ် ခင်ပွန်းအပေါ် အိမ်ထောင်ရေးဖောက်ပြန်မှုကျူးလွန်ပါက အဆိုပါအိမ်ထောင်ရေးပြစ်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်၍ စွဲချက်တင်ကာ ပြစ်မှုထင်ရှားပါက ထောင်ဒဏ် နှစ် နှစ်အထိချမှတ်ပြီး ယင်းဖောက်ပြန်သူနှင့် ပေါင်းသင်းနေထိုင်သူကိုပါ ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း အဆိုပါပြဋ္ဌာန်းချက်သည် အရှေ့တောင်အာရှနိုင်ငံများ၏လူမှုရေးသတ်မှတ်ချက်စံနှုန်းများကိုချိုးဖောက်နေသည်ဟု တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (South Korea's Constitutional Court) က သုံးသပ်ကာ ယင်းဥပဒေစတင်ပြဋ္ဌာန်းပြီး ၆၂ နှစ်အကြာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဥပဒေကို ပယ်ဖျက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

အခြေခံကျသည့် လူ့ဂုဏ်သိက္ခာနှင့် ပျော်ရွှင်မှုကိုရပိုင်ခွင့်(The precondition of human dignity and right to pursue happiness)အရ လူသားတိုင်းတွင် ၎င်းတို့၏ ကံကြမ္မာကို ကိုယ်တိုင်ရွေးချယ်ပိုင်ခွင့် ရှိရမည်ဖြစ်ပြီး ယင်းအခွင့်အရေးတွင် မိမိ၏ကိုယ်ပိုင်လိင်မှုဘဝနှင့် လက်တွဲဖော်ကို မိမိစိတ်တိုင်းကျ ရွေးချယ်ပိုင်ခွင့်(Rights to be engaged in sex and choosing the partner)လည်းပါဝင်ကြောင်း၊ ဥပဒေပြဋ္ဌာန်းရခြင်း၏မူလရည်ရွယ်ချက်မှာ အမျိုးသမီးများအား အကာအကွယ်ပေးနိုင်ရန်ဖြစ်ပြီး စီးပွားရေးနှင့်လူမှုရေးအရ အမျိုးသားများက အမျိုးသမီးများထက်ပို၍ အားသာသည်ဆိုသည့်အယူအဆကိုအခြေခံ၍ အမျိုးသမီးများအပေါ် အခွင့်အရေးပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဤဥပဒေအရ အမျိုးသားတစ်ဦးရာဇဝတ်ကြောင်းအရ အရေးယူခြင်းခံရပါက ၎င်း၏အမျိုးသမီးက ကွာရှင်းခွင့်နှင့်စပ်လျဉ်းသည့်ရပိုင်ခွင့်များ(လျော်ကြေး) ပိုမိုခံစားခွင့်ရှိကြောင်း၊ ယနေ့ခေတ်လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများသည် လူမှုရေးနှင့်စီးပွားရေးကဏ္ဍများတွင် တက်ကြွစွာပါဝင်လာကြပြီး ကိုယ်ပိုင်ဘဝကို ခိုင်မာစွာရပ်တည်လာနိုင်ကြသည့်အတွက် The anti-adultery law

သည် အမျိုးသမီးသီးသန့်အကာအကွယ်ပေးသည့်ဥပဒေအဖြစ် ဆက်လက်ရှိမြင်ရန် သင့်တော်တော့မည်မဟုတ်ကြောင်း တရားသူကြီးများက သုံးသပ်ခဲ့ပါသည်။

အဆိုပါဥပဒေပယ်ဖျက်မည့်ဆုံးဖြတ်ချက်ကို တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး (South Korea's Constitutional Court)၏ ရုံးထိုင်တရားသူကြီး ၉ ဦးအနက် တရားသူကြီး ၇ ဦး က လက်မှတ်ရေးထိုးထောက်ခံခဲ့သော်လည်း ကျန်တရားသူကြီး ၂ ဦးက ဥပဒေကိုပယ်ဖျက်ခြင်းမှာ အိမ်ထောင်ရေးဖောက်ပြန်မှုကို တရားဝင်ဖြစ်စေပြီး တောင်ကိုရီးယားအစိုးရ၏ပြည်သူများကြား မိသားစုဘဝတည်မြဲစေရေးကြိုးပမ်းမှုကို ထိခိုက်စေကြောင်း၊ စစ်တမ်းများအရ တောင်ကိုရီယား နိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်မှစတင်၍ အိမ်ထောင်ပြုသူများ၏ ၄၀ ရာခိုင်နှုန်းမှာ ကွာရှင်းခြင်းဖြင့် အဆုံးသတ်ပြီး ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၆ ခုနှစ်ကြားတွင် ကွာရှင်းပြတ်စဲမှုများ၏ ၄၇.၁ ရာခိုင်နှုန်းမှာ အိမ်ထောင်ရေးဖောက်ပြန်သည့်အကြောင်းအရင်းကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ လင်ယောကျ်ား နှင့်ဇနီးမယားအကြားဆက်နွယ်မှုသည် မိသားစုဖြစ်တည်ရေးအတွက် အခြေခံအကျဆုံးအစိတ်အပိုင်း ဖြစ်သည့်အတွက် ယင်းဆက်နွယ်မှုကိုခိုင်မြဲစေရန် ဥပဒေဖြင့် ထိန်းသိမ်းသင့်ကြောင်း သုံးသပ်ကာ ကန့်ကွက်ခဲ့ပါသည်။

တောင်ကိုရီးယားသတင်းအေဂျင်စီဖြစ်သည့် Yonhap ၏ အဆိုအရ တောင်ကိုရီးယားပြည်သူ ၅၅၀၀ခန့်သည်အိမ်ထောင်ရေးဖောက်ပြန်မှုနှင့်စွဲချက်တင်ခြင်းခံခဲ့ရသော်လည်း ထိုသူများအားလုံးမှာ အကျဉ်းထောင်တွင် ချုပ်နှောင်ခံရခြင်းဖြင့် အဆုံးသတ်ခဲ့ခြင်း မဟုတ်ကြောင်း ဖော်ပြထားပါသည်။

တောင်ကိုရီးယားနိုင်ငံမှ ဥပဒေပညာရှင်အချို့၏သုံးသပ်ချက်အရ အဆိုပါဥပဒေဖျက်သိမ်းခြင်းသည် အိမ်ထောင်ရေးဖောက်ပြန်သည့်အမျိုးသားများအတွက် ပြစ်မှုနှင့်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရရှိသွားစေမည်ဖြစ်ကြောင်း၊ ဥပဒေဖျက်သိမ်းခြင်းက အိမ်ထောင်ရေးဖောက်ပြန်မှု၏ နောက်ဆက်တွဲ ပြဿနာများဖြစ်သည့် ကိုယ်ဝန်ဖျက်ချခြင်း၊ တရားမဝင်ကလေးမွေးဖွားခြင်း၊ ကွာရှင်းခြင်း နှင့် ကလေးစရိတ်ထောက်ပံ့ခြင်းဆိုင်ရာ ရှုပ်ထွေးမှုများအမျိုးသမီးများအပေါ် ပိုမို သက်ရောက်လာနိုင်ပြီး

အမျိုးသမီးများ၏ ဘက်စုံအခွင့်အရေး မြှင့်တင်ရေးလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရားမစွဲမိဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားဖော်ပြချက် : https://edition.cnn.com/2015/02/26/asia/south-korea-adultery/index.html

By Greg Botelho and K.J. Kwon, CNN, Thu February 26, 2015

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၈) ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်

## အိန္ဒိယနိုင်ငံက ဥပဒေအသစ်သုံးခု ပြဋ္ဌာန်းမှု

ကိုလိုနီခေတ်တွင်ပြဋ္ဌာန်းခဲ့သော The Indian Penal Code, 1860 အား The Bharatiya Nyaya Sanhita, 2023 ဖြင့်လည်းကောင်း၊ The Indian Evidence Act, 1872 အား The Bharatiya Sakashyq Adhiniyam, 2023 ဖြင့်လည်းကောင်း၊ The Code of Criminal Procedure, 1973 အား The Bharatiya Nagarik Suraksha Sanhita, 2023 ဖြင့်လည်းကောင်း အစားထိုးခဲ့ပြီး ဥပဒေအသစ်သုံးခုသည် ၁-၇-၂၀၂၄ ရက်နေ့မှစတင်၍ အာဏာတည်ခဲ့ပါသည်။ ယင်းဥပဒေသစ်သုံးခုကို ပါလီမန်က ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက အတည်ပြုခဲ့ခြင်းဖြစ်ပြီး အစိုးရတာဝန်ရှိသူများက ဥပဒေအသစ်သုံးခုကိုပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်မှာ တရားမျှတရေးအတွက်ဖြစ်ပြီး ပြစ်ဒဏ်ပေးရေးအတွက်မဟုတ်ကြောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူကို ဗဟိုပြုထားကြောင်း ပြောဆိုပါသည်။ ထောင်ပေါင်းများစွာသော တရားရေးအရာရှိများ၊ အစိုးရရှေ့နေများနှင့်ရဲအရာရှိများကို ဥပဒေအသစ်သုံးခုကျင့်သုံးဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ လေ့ကျင့်သင်ကြားပေးပြီးဖြစ်ကြောင်းသိရသည်။

ဥပဒေအသစ်သုံးခုသည် ရဲတပ်ဖွဲ့ကို လုပ်ပိုင်ခွင့်ပိုမိုပေးထားကြောင်း ဝေဖန်မှုများရှိနေပြီး တရားရုံးချုပ်ရှေ့နေ Nipun Saxena က AFP သတင်းအေဂျင်စီသို့ ပြောကြားရာတွင် ဥပဒေအသစ်များသည် အမှုတစ်ခုကိုတရားရုံးတွင်စစ်ဆေး၍ တရားသူကြီးက ဆုံးဖြတ်ခြင်းမပြုမီ ကြိုတင်၍ရဲတပ်ဖွဲ့က ဆုံးဖြတ်ရန် လုပ်ပိုင်ခွင့်ပေးကြောင်း၊ တရားစီရင်ရေးလုပ်ငန်းတာဝန်များကို ရဲတပ်ဖွဲ့ထံလွှဲပြောင်း၍ မရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပုဒ်မ အနည်းဆုံး လေးခု နှင့် အရေးကြီးသော တရားရုံးချုပ်စီရင်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း ပြောကြားခဲ့သည်။ ၎င်းကပင် ဥပဒေအသစ်များကြောင့် စောင့်ဆိုင်းနေရသော တရားရုံးစစ်ဆေးစီရင်မှု ၃၀ မှ ၄၀ ရာခိုင်နှုန်းထိ မြင့်တက်သွားနိုင်ကြောင်းပြောကြားသည်။

တရားရုံးချုပ်ရှေ့နေအသင်း ဥက္ကဋ္ဌ Kapil Sibal က ၂၆-၇-၂၀၂၄ ရက်နေ့ နယူးဒေလီရှိ Vidhi Centre for Legal Policy ၌ ကျင်းပသော Crime and Punishment ခေါင်းစဉ်ဖြင့် ပို့ချမှုတွင်

ဥပဒေသစ်သုံးခုသည် အိန္ဒိယနိုင်ငံဖက်ဒရယ်မူနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေစံနှုန်းများကို ချိုးဖောက်နေကြောင်း၊ ယခင်ဥပဒေ၌ ရဲအချုပ်တွင် ၁၅ ရက် ချုပ်နှောင်ရပြီး ဥပဒေအသစ်အရ ရက်ပေါင်း ၆၀ မှ ၉၀ ထိချုပ်နှောင်ရမည်ဖြစ်၍ မည်သည့်နိုင်ငံမျှ ထိုကဲ့သို့ ရဲအချုပ်တွင် ထိန်းသိမ်းခြင်းမရှိကြောင်း၊ ရဲကစုံစမ်းစစ်ဆေးခြင်းနှင့် တရားရုံးတွင် အမှုစစ်ဆေးခြင်း သဘောသဘာဝခြားနားကြောင်း၊ ပိုမို၍ ဖိနှိပ်ချုပ်ချယ်ခြင်းသာဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်နှင့် ဆန့်ကျင်နေကြောင်း ပြောဆိုခဲ့သည်။

ဥပဒေအသစ်များအရ ထောင်ဒဏ် ၇ နှစ်နှင့်အထက် ချမှတ်ထိုက်သော ပြစ်မှုများတွင် Forensic investigation မဖြစ်မနေ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အသက် ၁၈ နှစ်အောက် အမျိုးသမီးများကို ကျူးလွန်သောမုဒိမ်းမှုများကို အုပ်စုဖွဲ့ကျူးလွန်လျှင် သေဒဏ်ချမှတ်ရမည်ဖြစ်ကြောင်း၊ တရားသူကြီးများသည် အမှုစစ်ဆေးစီရင်မှုပြီးဆုံးပြီး ၄၅ ရက်အတွင်း စီရင်ချက်ရေးသားထုတ်ပြန်ရမည်ဖြစ်ပြီး ပထမဦးဆုံးကြားနာသည့်နေ့မှ ၆၀ ရက်အတွင်း စွဲချက်တင်ရမည်ဖြစ်ကြောင်း၊ လူအုပ်ဖြင့်ကျူးလွန်သောမှုခင်းများ၊ အမုန်းစကားပြောဆိုမှုများအတွက်လည်း ပြစ်ဒဏ်များ ဖော်ပြထားကြောင်း၊ အကြမ်းဖက်မှု၊ ဂိုဏ်းဖွဲ့ကျူးလွန်မှု၊ အချုပ်အခြာအာဏာကို အန္တရာယ်ပြုမှုစသည့် ပြစ်မှုများကိုလည်း ပြဋ္ဌာန်းထားကြောင်း၊ paperwork များကို လျှော့ချ၍ ဆက်သွယ်ရေးနည်းပညာ တိုးမြှင့်ကာ ရဲထံအွန်လိုင်းမှ တိုင်ကြားနိုင်မှုများနှင့် အီလက်ထရောနစ် သမ္မာန်စာဝန်ဆောင်မှုများ ဆောင်ရွက်ရန် ပြဋ္ဌာန်းချက်များ ပါရှိကြောင်း၊ အကျဉ်းထောင်များတွင် လူများနေခြင်းကို လျှော့ချရန် ခိုးမှု၊ အသရေဖျက်မှု စသည့်အမှုသေးများတွင် လူမှုရေးပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းများပါရှိကြောင်း သိရသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာနခွဲ

ရည်ညွှန်း။ www.barandbench.com/ www.thehindu.com/

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၈) ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

